Beyond Blue

# ကိုရိုနာဗိုင်းရပ်စ် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှု ပံ့ပိုးရေး ဝန်ဆောင်မှု

## ပိတ်သိမ်းမှု တစ်လျှောက်လုံး သင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို စောင့်ရှောက်ပေးခြင်း

ပြောင်းလဲချက် အမြောက်အမြား မကြာသေးမီက ဖြစ်ပွားခဲ့ပြီး ပိတ်သိမ်းမှုတွင် သင့်အနေဖြင့် စိတ်ဖိစီးခြင်း ခံစားနေရနိုင်ဖွယ်ရှိသည် သို့မဟုတ် ရင်ဆိုင်ရန် လုံးဝ ခက်ခဲကြောင်းပင် ခံစားနေရနိုင်ဖွယ်ရှိသည်။

အကယ်၍ သင် မည်သို့ရင်ဆိုင်ရမည်ကို မသေချာလျှင် သို့မဟုတ် မည်သူ့ထံ အကူအညီတောင်းရမည်ကို မသေချာလျှင် **သင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ပံ့ပိုးပေးစေရန် ကျွန်ုပ်တို့ ရှိပါသည်။**

### ကျွန်ုပ်တို့မှ တစ်ဆင့် ၎င်းအကြောင်းကို ပြောဆိုပါ။

ကျွန်ုပ်တို့၏ လေ့ကျင့်ခံထားရသော နစ်သိမ့်ဆွေးနွေးကုထုံး ပညာရှင်များသည် ဖုန်းမှတစ်ဆင့် သင့်အား ပံ့ပိုးပေးရန် ရှိပါသည်။

၎င်းမှာ အခမဲ့ဖြစ်ပြီး တစ်ရက် ၂၄ နာရီ၊ ၇ ရက်လုံး ရနိုင်ပါသည်။
**1800 512 348**

### အွန်လိုင်း ပံ့ပိုးမှုနှင့် သတင်းအချက်အလက်များ

ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ဤအချိန်အခါ အတောအတွင်း သင့် ကျန်းမာကောင်းမွန်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို သင် စီမံစေရန် နောက်ဆုံးအခြေအနေအတိုင်း တည်းဖြတ်ထားသည့် သတင်းအချက်အလက်များ၊ အကြံဉာဏ်နှင့် နည်းဗျူဟာများဖြင့် ပုံမှန် ရေးသားထားပါသည်။ ၎င်းဖြင့် ကျွန်ုပ်တို့၏ နစ်သိမ့်ဆွေးနွေးကုထုံးပညာရှင်များနှင့်အတူ တစ်ရက် ၂၄ နာရီ၊ ၇ ရက်လုံး စကားပြော (webchat) ၍လည်း ရပါသည်။ **coronavirus.beyondblue.org.au**

### သေကြောင်းကြံစည်မှုနှင့် အတင်းအကျပ်ဖြစ်ချိန် ပံ့ပိုးမှု

ချက်ချင်း ပံ့ပိုးမှုအတွက် အသက်ကယ်ဖုန်းလိုင်း **13 11 14** ကိုခေါ်ပါ

အကယ်၍ သင် အရေးပေါ်အခြေအနေတစ်ရပ်၌ ကျရောက်နေလျှင် သို့မဟုတ် သင်ကိုယ်တိုင်အပေါ် သို့မဟုတ် အခြားသူများအပေါ် ထိခိုက်ရန် လတ်တလော အန္တရာယ်ရှိလျှင် ကျေးဇူးပြု၍ ဖုန်း **000** ကိုခေါ်ပါ။

### အင်္ဂလိပ်စကား-မပြောတတ်သောသူများအတွက် ပံ့ပိုးမှု

မိမိ၏ ပထမဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကား- မဟုတ်သည့် လူများအတွက် နည်းလမ်း အမျိုးမျိုး ကျွန်ုပ်တို့တွင် ရှိပါသည်။

အင်္ဂလိပ်ဘာသာစကားကို မိမိ၏ ပထမ ဘာသာစကားအဖြစ် မပြောသည့်လူများသည် ဘာသာပြန်ပံ့ပိုးမှုကို Translating and Interpreting Service မှ အခမဲ့ ရရှိနိုင်ပါသည်

**www.tisnational.gov.au**

TIS National မှတစ်ဆင့် သင်သည် ချက်ချင်း သို့မဟုတ် ကြိုတင်ချိန်းဆိုထားသော ဖုန်းစကားပြန် ဝန်ဆောင်မှုကို ရနိုင်ပါသည်။

ချက်ချင်း ဝန်ဆောင်မှုများအတွက် ကျေးဇူးပြု၍ ဖုန်း **131 450** ခေါ်ပါ။



**coronavirus.beyondblue.org.au**
**1800 512 348**

Coronavirus Mental Wellbeing Support Service - Burmese